ဒရိုးကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒရိုးကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဒရိုးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
	ဒရိုးကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်	၆
	ဒရိုးကျေးရွာ ဒရိုးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်	၇
	ဒရိုးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၂
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၃
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာ မီးလင်းရေး	၁၄
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၅
၆။	**ပညာရေး**	၁၅
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၆
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၇
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၈
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၉
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁

	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၇
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်

ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒရိုးကျေးရွာ

သထုံမြို့နယ်

ဒရိုးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်




ဒရိုးကျေးရွာ ရာသီခွင်ပြပကွဲဒိန်၊ သထုံမြို့နယ်


ခရုကျေးရွာအုပ်စုဆားရိုးကျေးရွာ၏ရာသီခွင်ပြ ပြကွဒိန်

အပြစ်အပျက်များ	တန်ခူး	ကဆုန်နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု											
အလုပ်အကိုင်	ရာသီခြစ်	ရာသီခြစ်	ယာယီပုဇွန်ဖမ်းစက် သီး/ငါးများ	သီး/ငါးများ	သီး/ငါးများ ဆွဲပေါ်း/ဆွတ်ခူး	ဦးဆေးခြင်း/ ဆွဲပေါ်း/ဆွတ်	ဦးဆေး/ခိုက်/ ဆွဲပေါ်း/ဆွတ်/ ရာသီခြစ်	ရာသီခြစ်/ ဆေးခိုက်	ရာသီခြစ်/ ဆေးခိုက်	ရာသီခြစ်/ ပဲခူး/ဆေးခိုက်	ရာသီခြစ်/ ဆေးခိုက်
လက်လုပ်လက်စားဖြစ်သားပို့ များ ထိခိုက်မှုရှိ/မရှိ	များ	သင့်	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ
အသုံးစရိတ်	များ	နည်း	နည်း	နည်း	နည်း	များ	များ	များ	နည်း	နည်း	များ	များ
ချေးငွေလိုအပ်မှု	နည်း	နည်း	များ	များ	များ	များ	များ	များ	နည်း	နည်း	နည်း	များ
ဝန်းစာဖူလုံမှု	များ	များ	သင့်	နည်း	နည်း	နည်း	နည်း	သင့်	များ	များ	များ	များ
သောက်သုံးရေရရှိမှု	ရေရှားပါး	ရေနည်း	ရေပေါ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ	ရေပေါများ
တိရစ္ဆာန်အစာရရှိမှု	များ	များ	များ	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ
တိရစ္ဆာန်ရောဂါကျရောက်မှု	ဝှေးနာ/ခွာနာ၊ ခြေကိန်နာ၊ တက်နာ	ဝှေးနာ/ခွာနာ၊ ခြေကိန်နာ၊ ဝက်နာ	–	–	–	–	ဝှေးနာ/ခွာနာ	–	–	–	–	–
ကျန်းမာရေး(ဖျားနာခြင်း)	ထိန်းဖျက်၊ဝမ်းရောဂါ	ထိန်းဖျက်/ ဝမ်းလျှောနာ	–	တုတ်ကွေး	တုတ်ကွေး၊ ဌက်ဂျား	–	–	နာစေး၊ အဆောင်မိ၊ ချောင်းဆိုး	နာစေး၊ အဆောင်မိ ချောင်းဆိုး	–	–	–
သီးနှံပိုးမွှားရောဂါကျရောက်မှု	–	–	–	–	–	–	–	စပါးဖျက် ခရု	ခဲဖျက်ပိုး	–	–	–
ပွဲတော်	သင်္ကြန်	သောင်ရေဆေးကြောင်း	–	ဓါတ်ကြီးကန်းတော်	ထဝါပြည့်/ကွယ် တရားပွဲ	ထဝါပြည့်/ကွယ် တရားပွဲ	ကထိန်ပွဲ	တန်ဆောင်တိုင်ပွဲတော်	–	ကရင်နွှဲသစ်ကျပွဲတော်	အမှန့်ပွဲ	–
သဘာဝဘေးအန္တရာယ်	–	–	–	ရေကြီး	ရေကြီး	–	–	–	–	–	–	–

ဒရိုးကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်



ဒရိုးကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်



ဒရိုးကျေးရွာ ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	အဆင့်ပြသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြောလည်သော အိမ်ထောင်စု	အမှတ်မမြဲလည်သော အိမ်ထောင်စု
အိမ်ထောင်စု	၁၃	၂၆	၁၄	၁၃
ခြေဖဝါးပိုင်ဆိုင်မှု	၅ ဧကအထက်	၂.၅ ဧကမှ ၅ ဧကအထိ	၂.၅ ဧကအောက်	မရှိ
အိမ်အခြေအနေ	အုတ်မတ်ကား၊သွပ်မိုး နှစ်ထပ်၊ပျဉ်ထောင်ပျဉ်ခင်း	သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း	ဖက်မိုး၊ပျဉ်ခင်း ထရံကာ	ဝါးအိမ်တိုင်၊သစ်တိုင် ဖက်မိုး၊ဖက်ကာ၊ ဝါးအခင်း၊
ကုန်ကူးယာဉ်မှုပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် လက်တွန်းထွန်စက်	ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
ဓာတ်ကစီး၊ မှာ၊ဂျေး၊ လှည်းနွား	လယ်၊ခြံ	လယ်၊ခြံ	ကျောင်း၊လက်သမား ထိုင်း	ကျောင်း၊ထိုင်း

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဒရိုးကျေးရွာသည် မွန်ပြည်နယ်၊သထုံခရိုင်၊ သထုံမြို့နယ်၊ဓနုကျေးရွာအုပ်စု တွင်တည်ရှိ ပါသည်။ ရွာ၏ အရှေ့ဘက်တွင် ဆူးအင်းရွာ အနောက်ဘက်တွင် ညာဓဝယ်ကျေးရွာ၊ရွာ၏ တောင်ဘက်တွင် ခရိုင်ချင်းဆက်လမ်းမကြီး၊ ရွာ၏ မြောက်ဘက်တွင် ကြာခမ်ချောင်းနှင့် မုရင်းစိုက်ခင်းများရှိပါသည်။ ကရင်တိုင်းရင်းသားများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဒရိုးကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ ဒရိုးကျေးရွာတွင် လယ် (၆၉.၃) ဧကနှင့် ရော်ဘာခြံ (၈၅.၄) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့် ယှဉ်လျှင် မြေဆီလွှာ အရည်အသွေး ညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် (၁၄.၅) ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဒရိုးကျေးရွာသည် ဒရိုးကျေးရွာအုပ်ချုပ်ရေးအဖွဲ့ တွင် (ကျား- ၅ဦး)၊ ရပ်မိရပ်ဖအဖွဲ့တွင် (ကျား-၉ဦး+မ-၅ဦး)တို့ပါဝင်ပြီး လူငယ်မောင်မယ်အဖွဲ့တွင် (ကျား-၂၀ဦး+မ- ၁၅ဦး)တို့ပါဝင်ပါသည်။ အုပ်ချုပ်ရေး၊ စီမံကွပ်ကဲရေးတို့တွင် အမျိုးသမီးများ မပါဝင်ပါ။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်တက်ကြွကြွပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ၊သာရေးနာရေးကိစ္စများကိုကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊လူငယ်မောင်မယ်များ၊ စသည့်အဖွဲ့များ တစ်ဖွဲ့နှင့် တစ်ဖွဲ့တာဝန်များခွဲ၍ စည်းစည်းလုံးလုံး ဆောင်ရွက်ကြပါသည်။ ထိုအဖွဲ့အစည်းများ အသိအမြင်တိုးတက်ရန် နှင့်အခြားကျေးရွာမှ အဖွဲ့အစည်းများ ကိုလေ့လာရန် ၍ သင်ယူနိုင်ရန်အတွက် ခေါင်းဆောင်မှုဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို ပူးပေါင်း၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပုညာမာမကာဝတ်ရွတ်အဖွဲ့ကို (မ-၂၀ဦး)ပါတင်ပြီးကျေးရွာအတွင်း ဝါတွင်း ကာလတွင် ဥပုတ်ရက်များနှင့် ဝါပကာလ လပြည့်၊လကွယ်ရက်များ၌မမှစကြ်ာရွတ် ဖတ်ပူဇော်ခြင်းများကို ဆောင်ရွက်ပါသည်။ မေတ္တာရိပ်အမျိုးသမီးစွမ်းဆောင်ရည် အဖွဲ့တွင်လည်း(မ-၂၃)ဦးပါဝင်ပြီး အမျိုးသမီး များအတွက် ငွေစုငွေချေးအသင်းကိုတည်ထောင် ၍ချေးငွေချေးပေးပါသည်။ မုဒိတာလက်တစ်စုံ ပရဟိတအဖွဲ့ တွင်(မ-၂၄)ဦးဖြင့် ပဲခူးတိုင်၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာ နိဂြောဓါရုံကျောင်းတိုက်မှ ဦးဇင်း ဦးအကုံရည၀ာမှ ဦးဆောင်၍ ၂၀၁၉ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းပရိတအဖွဲ့ သည်ကျေးရွာအတွင်းရှိ

တက္ကသိုလ်ဝင်တန်းအောင် အခက်အခဲ ရှိသော ကျောင်းသား/သူများကို ပညာရည်ချွန် ဆုချီးမြှင့်ခြင်း လုပ်ငန်းကို အဓိကလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(ကျား-၄ဦး+မ-၁၀ဦး) တို့ပါဝင်ပြီး ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့်ပူးပေါင်း၍ ကျေးရွာ၏ ပညာရေး ကဏ္ဍာတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ဒရိုးကျေးရွာသည် IMOမှ ဌက်ဖျားရောဂါပ ပျောက်ရေးစီမံချက်များ နှင့် အသက်မွေး ဝမ်းကျောင်းသင်တန်း များဆောင်ရွက်နေပါသည်။ ဌက်ဖျားရောဂါပပျောက်ရေးတွင် ရွာသူ/သား များပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။ KDHWမှ တီဘီရောဂါ တိုက်ဖျက်ရေးကိုဆောင်ရွက် နေပါသည်။ Pact Myanmarမှ အမျိုးသမီးများငွေစု၊ ငွေချေးလုပ်ငန်းများအတွက် နည်းပညာ ဝန်ဆောင်မှု ပေးသောကြောင့် အမျိုးသမီး စွမ်းဆောင်ရည် အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်း နိုင်ခဲ့သည်။ NRCအဖွဲ့သည် ဒရိုးကျေးရွာစာသင်ဝန်းအတွင်း၌ ကျောင်းဆောင်တစ်ဆောင်ကို တည်ဆောက် ပေးခဲ့ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဒရိုးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ ထက်ဝက် ကျော်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် နွေစား၊ ကျပန်း၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ၁၂.၅၈ကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေနည်းပါးပြီး တောင်သူလတ် အရေအတွက်ပိုများပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးကို မိုးရေနှင့် အင်းရေ၊ ချောင်းရေတို့မှ ရရှိပါသည်။ နွေစပါးကို အင်းရေဖြင့်စိုက်ပျိုးသော်လည်း အင်းရေမလုံလောက်သည့်နှစ်များတွင် ချောင်းရေမှ ရေသွင်း၍ စိုက်ပျိုးရပါသည်။ နွေစပါး(မရင်း)နှင့် ရော်ဘာကိုသာ အဓိက ထားစိုက်ပျိုးကြပြီး မိုးစပါး၊ နှမ်း နှင့် ပဲများကိုလည်း စိုက်ပျိုးကြပါသည်။သီးနှံအထွက် နှုန်းမှာ ရာသီဥတုအခြေအနေပေါ်မူတည်၍ နှစ်စဉ်ပုံမှန်မရှိပါ။ ထို့အပြင် တစ်ခါတစ်ရံ သီးနှံအထွက်နှုန်း နည်းရခြင်းမှာ စိုက်ပျိုးရေး နည်းပညာများ လိုအပ်ခြင်း၊ ရာသီဥတုမညီမျှခြင်းကြောင့် သီးနှံ အထွက်နှုန်းနည်း ရခြင်းဖြစ်သည့် အပြင် ခေတ်မီစက်ကိရိယာများ အသုံးပြုမှုနည်းပါးခြင်းကြောင့်လည်း အထွက်နှုန်းနည်းရခြင်း ဖြစ်ပါသည်။ အမြတ်အများဆုံးရသော စိုက်ပျိုးရေးသီးနှံမှာ ပဲနှင့်ရော်ဘာတို့ဖြစ်ပါသည်။ ကျေးရွာ ၏ စိုက်ပျိုးရေးသုံးကိရိယာများ အသုံးပြုမှုနည်းပါးပါသည်။ ဌားရမ်းလုပ်ကိုင်သည့်ဦးရေ များလည်းနည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို နွားများ၊ ကွဲများနှင့် ထွန်ယက်စိုက်ပျိုး

ကြပါသည်။ လူဖြင့်ရိပ်သိမ်းကြပြီး နွားများ၊ ကျွဲများဖြင့် စပါးခွေကာ သဘာဝလေဖြင့် စပါးလှ ကြပါသည်။

ဒရိုးကျေးရွာ၏ သဘာဝရေမြေရာသီဥတုသင့်တင့်မျှတပါသည်။ စပါးအထွက်နှုန်းညံ့သော လယ်မြေအချို့လည်းရှိပါသည်။ စိုက်ပျိုးရေးကို မိုးရေ နှင့်ချောင်းရေ များမှ လုံလုံလောက်လောက်ရ ရှိပါသည်။ မျိုးကောင်း၊ မျိုးသန့်များ ရရှိရန်အတွက် မိမိတို့ကိုယ်တိုင် မျိုးစပါးပျိုးခြင်းများ ဆောင်ရွက်ခြင်းဖြင့် မျိုးကောင်း၊ မျိုးသန့်များ ကိုအလွယ်တကူရရှိသည့် အပြင် အခြားမိတ်ဆွေများ နှင့် ဆွေမျိုးများထံမှလည်း မျိုးကောင်းမျိုးသန့်များကို အလွယ်တကူရရှိပါသည်။ ဒါ့အပြင် မိမိစုဆောင်းထား သော မျိုးစပါး၊ ကျွဲ၊နွား လိုအပ်သော စိုက်ပျိုးရေး စရိတ်ငွေကို မိမိတွင် မပြည့်စုံပါက ဆွေမျိုး၊မိတ်ဆွေများတွင် ချေးငှားသုံးစွဲကြပါသည်။ စိုက်ပျိုးရေးအတွက် ပြင်ပ ချေးငွေများမရှိပါ။ စိုက်ပျိုးရေးအတွက် ဓါတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကိုလည်း အသုံးပြု ပါသည်။ ကျွဲ၊ နွားများကို တစ်ပိုင်တစ်နိုင်မွေးမြူကြသဖြင့် ကျွဲ ၊နွား ချေးများမှ သဘာဝ မြေဩဇာရပါသည်။ မြို့နှင့်မနီးသော်လည်း လမ်းပန်းဆက်သွယ်ရေးလွယ်ကူ သောကြောင့် သီးနှံမျိုးစေ့များနှင့်မြေဩဇာများကို အလွယ်တကူရနိုင်ပါသည်။ ထွက်ကုန်များကိုလည်း အလွယ် တကူရောင်းချနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာ အားနည်းသောကြောင့် အလုပ်အကိုင်နည်းပါးသဖြင့် ပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများရှိပြီး လယ်ယာစိုက်ပျိုးရေးတွင် အမျိုးသမီးများဖြင့် သာလုပ်ကိုင်ကြရသောကြောင့် လုပ်သားများကို အလွယ်တကူ ခေါ်ယူ၍မရပါ။ ရွက်ဖျက်ပိုးနှင့် ခရုဖျက်ပိုးများလည်း အနည်းငယ် ရှိပါသည်။ ထိုခရုဖျက်ပိုးများ ဖျက်စီးနှိမ်နင်းရန်အတွက် ခရုစားဌက်များကို ပစ်မိလျှင် သေနတ်သံ တစ်ချက် ငွေကျပ်(၁၀၀၀၀၀)ဖြင့် စည်းကမ်း သတ်မှတ်ထားပါသည်။ ကျေးရွာတွင် မိရိုးဖလာစိုက်ပျိုးရေး ကိုသာ အသုံးပြုသူများပြားပြီး စိုက်ပျိုးရေးအသိပညာ၊ နည်းပညာ အားနည်း သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို တွင်ကျယ်စွာ မဆောင်ရွက်နိုင်သောကြောင့် စိုက်ပျိုးရေးနည်းပညာ များလာရောက်မျှဝေမည်ဆိုပါက အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေး ထုတ်ကုန်များ ရရှိလာနိုင် မည်ဖြစ်ပါသည်။ ပြင်ပစိုက်ပျိုးရေးအသုံးစရိတ်ချေးငွေများ လည်းမရရှိပါ။ မြစိမ်းရောင်စီမံကိန်း အတိုးနည်းချေးငွေများကို ရရှိမည်ဆိုပါက လယ်ယာမြေများ ကိုတိုးချဲ့ခြင်း၊ ခေတ်မီစက်ကိရိယာများ ဝယ်ယူနိုင်ခြင်းများ ဆောင်ရွက်၍ ပိုမိုကောင်းမွန်သော စီးပွားရေးအခြေအနေကို ရောက်ရှိလာမည် ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၈) အိမ်ရှိပြီး နွားကောင်းရေ (၅၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၇) စုမှ (၈၁) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဆိတ် (၅၃) ကောင်၊ အိမ်ထောင်စု (၄၁) အိမ်မှ ဝက် (၉၆) ကောင်၊ အိမ်ထောင်စု (၅၄) အိမ်မှ ကြက် (၄၃၃) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဘဲ (၂၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ဒရိုးကျေးရွာ တွင် နွားများ၊ ကျွဲများ၊ ဆိတ်များ၊ ဝက်များ နှင့်ကြက်များ၊ ဘဲများ ကိုတစ်နိုင်တစ်ပိုင် မွေးမြူးကြပါသည်။ ကျေးရွာအနီးတွင်း ချောင်းများ၊ အင်းများရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသည့် အိမ်ထောင်စုများလည်း ရှိပြီး မွေးမြူရေးဆိုင်ရာနည်းပညာများမသိရှိခြင်း၊ အရင်းအနှီးငွေ နည်းပါးခြင်း တို့ကြောင့် ငါး နှင့်အခြားမွေးမြူရေးတိရစ္ဆာန်များကို စီးပွားဖြစ် မမွေးနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေး အသိပညာပေး သင်တန်းများအပြင် မွေးမြူရေးဆိုင်ရာသင်တန်းများ ပါဖွင့်လှစ်ဆောင်ရွက်ပေးမည် ဆိုပါက မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် တိရစ္ဆာန် သောက်သုံးရေနှင့် ပတ်သက် သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ် တကူရနိုင်ပါသည်။ တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိ သဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူကြ သော်လည်း စီးပွားဖြင့် မွေးမြူရန်အတွက် ချေးငွေကို မရရှိပါသဖြင့် ကာလရှည် အတိုးနည်း ချေးငွေ များရရှိပါက ပိုမို ကောင်းမွန်သော မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ဒါ့အပြင် မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာများရရှိပါက မွေးမြူရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် စျေးရောင်းခြင်း၊ ဆောက်လုပ်ရေး ၊ပို့ဆောင်ရေး နှင့် ကြံုရာ၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင် ကြပြီး အသက်မွေးမှု

နည်းပညာအားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီး မြှုပ်နှံမှု အားနည်းခြင်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း ဖြစ်ပါသည်။ ထို့အပြင် ဒရိုးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်သော အခြား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်း နှင့်သေးစား အလတ်စား ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုမရှိခြင်း၊ အလုပ်နှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာများ တတ်မြောက်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမရှိခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါး ပါသည်။ ထို့ကြောင့် နေ့စား ကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းနည်းပညာအနေဖြစ်သည့် (စက်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင် သင်တန်း၊ ဆပ်ပြာ ရည်သင်တန်း) စသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများကိုဖွင့်လှစ် သင်ကြားစေခြင်း အားဖြင့် တစ်ဖက်တစ်လှမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည် ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်း လုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါ သည်။ ရွာမှကိုယ်ထူကိုယ်ထငွေ စုငွေချေးအဖွဲ့ဖြင့်သည့် မေတ္တာရိပ်အဖွဲ့မှ လည်း အမျိုးသမီးများ အတွက် ချေးငွေဝန်ဆောင်မှု မှာ ကာလတိုသာဖြစ်သောကြောင့် ငွေကြေးအရင်းအနှီး အခက်အခဲ ရှိပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာပြီး ကာလရှည်ချေးနိုင်မည့် မြစိမ်းရောင်စီမံကိန်းဆောင် ရွက်ပေးရန်လိုအပ်ပါသည်။မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၅၄) စီး၊ မော်တော် ဆိုင်ကယ် (၅၆) စီး၊ သုံးဘီးဆိုင်ကယ် (၄) စီး၊ ထော်လာကျီ (၁) စီး၊ ကား (၅) စီး ၊ သယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေ၊ သမ္ဗာန် (၁၅)စီး ၊ စက်လှေ(၁)စင်း တို့ကိုလည်းမိုးတွင်းကာလ ကွင်းဆင်းချိန်နှင့် အင်းများ၊ ချောင်းများတွင်ငါးရှာချိန်များ၌ အသုံးပြု ကြပါသည်။

ကျေးရွာတွင် ရွာအဝင်လမ်း ၁လမ်းသာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်လမ်းများမှာ မြေသားလမ်းဖြစ်သည်။ ၎င်းကွန်ကရစ်လမ်းကို (၂၀၁၅)ခုနှစ်တွင် လွှတ်တော်ဘတ်ဂျက်ဖြင့် (၁၁၀၀')ကို ခင်းခဲ့ပြီး (၂၀၁၆)ခုနှစ်တွင် လွှတ်တော်ဘတ်ဂျက်ဖြင့် (၁၂၀၀')ကွန်ကရစ်လမ်းကို ဆက်လက်ခင်းခဲ့ပါသည်။ ကျန်(၁၂၀၀')ကို (နှ.တ.လ) မှ (၂၀၁၈)ခုနှစ်တွင် ကွန်ကရစ်လမ်း ဆက်လက်ခင်းခဲ့ပြီး ယခုကျန်ရှိနေသည့် (၆၆၀')အား ယခုနှစ် လွှတ်တော် ဘတ်ဂျက်တွင် လျာထားတင်ပြတောင်းခံထားပါသည်။ ၎င်းလမ်းများ ခင်းရာတွင် ရွာသူ/သားများက လုပ်အားများ စိုက်ထုတ်ကြပါသည်။ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်း ဖြစ်ပါသည်။ ၎င်းရွာအဝင်လမ်း သည် ရွာတွင်းလမ်းမကြီးဖြစ်သည့်အပြင် စာသင်ကျောင်းနှင့် ဓမ္မာရုံ၊ ဘုန်းကြီးကျောင်းသည် လမ်းအဆုံးတွင် ရှိသဖြင့် ဥပုတ်စောင့်သူများ၊ဆွမ်းပို့သူများ၊ ပညာသင်ကြား နေသော ကျောင်းသားများ အတွက်အသုံးဝင်သည့်အပြင် လမ်းမကြီးဖြစ်သည့် အတွက် တစ်ရွာလုံးအတွက် အသုံးအဝင်ဆုံးလမ်းလည်းဖြစ်ပါသည်။အမှတ်(၁)လမ်းသည် ဆူးအင်း ရွာ သို့သွား သောလမ်းဖြစ်သည့်အပြင် လယ်ကွင်းသို့ ဆင်းသောလမ်းလည်းဖြစ်ပါသည်။ ၎င်းလမ်းသည် မိုးတွင်းကာလများတွင် ရေနစ်မြုပ်သဖြင့် သွားလာရခက်ခဲပါသည်။ ဒါ့အပြင် အမှတ်(၂)လမ်းသည် လည်း ညာထားဝယ်နှင့် ဆက်စပ်နေသော လမ်းဖြစ်ပြီး မိုးတွင်းကာလများတွင် ရေနစ်မြုပ်တတ်ပါသည်။ ထိုလမ်းများသည် ယခုလက်ရှိမြေသားလမ်းများဖြစ်ပြီး ကွန်ကရစ်လမ်း သို့အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် သွားလာလွယ်ကူအဆင်ပြေသွားမည် ဖြစ်ပါသည်။ အမှတ် (၄)လမ်း သည် ညာဓဝယ်ကျေးရွာနှင့် ဆက်စပ်နေသော လမ်းဖြစ်ပြီး အမှတ်(၂)လမ်းနှင့် ဆက်စပ်နေပါသည်။ ၎င်းလမ်းအား ကွန်ကရစ်လမ်းခင်း မည်ဆိုပါ သချိုင်းထိပ်ထိသာလမ်း ခင်းနိုင်ပြီး ၎င်းလမ်းအားနွေရာသီကာတွင်သာအသုံးပြု သွားလာ၍ရပြီး မိုးတွင်းကာလများတွင် သွားလာ၍မရပါ။ ဆူးအင်းကျေးရွာသို့သွားသောကျေးရွာချင်းဆက်တံတား တစ်စင်း သာရှိ ပြီး အကျယ်(၄)ပေခန့်သာရှိသဖြင့် ဆိုင်ကယ်သာသွားလာနိုင်ပြီး မိုးတွင်းကာလများတွင် သွားလာ၍

မရပေ။ ၎င်းတံတားသည် ဒရိုးချောင်းကို ဖြတ်၍ တည်ဆောက်ထားပြီး ပွင်းလင်းရာသီမှသာ အသုံးပြုနိုင်သည်။ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ဒရိုးကျေးရွာတွင် ဆိုလာစနစ်ကို အသုံးပြုနေသည့်အိမ်ထောင်စု(၄၁)စု၊ ဒီဇယ်အင်ဂျင်ကို အသုံးပြုနေ သည့် အိမ်ထောင်စု(၁၇)စုနှင့် ၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု(၂)စုနှင့် လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၁၉) စု ရှိပါသည်။ ဒရိုးကျေးရွာတွင်မဟာဓါတ်အား လိုင်းချိတ်ဆက်၍ လျှပ်စစ်မီးရရှိမှု မရှိသေးသော်လည်း NEP လျှပ်စစ်မှ 11KVတစ်မိုင်ရရှိပြီး ကျေးရွာအတွင်း ထရန်းစဖော်မာ တစ်လုံးနှင့် ၎င်းထရန်စဖော်မာအထိ လျှပ်စစ်မီးတိုင်နှင့်မီးကြိုးများကို တပ်ဆင်ထားပါသည်။ (400V)ဖြင့် ကျေးရွာအတွင်းမီးတိုင်များထောင်ရန်နှင့် ကြိုးများတပ်ဆင်ရန် အတွက် မီးတိုင်(၂၅)တိုင်နှင့် မီးကြိုးများကို ကျေးရွာအင်အားဖြင့် စိုက်ထုတ်ရမည်ဖြစ်သည့်အပြင် လူနေအိမ်များအတွက် မိမိအစီအစဉ်ဖြင့်တပ်ဆင် ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာတွင် ငွေကြေးအင်အား စိုက်ထုတ်နိုင်မှုအားနည်းသောကြောင့် လျှပ်စစ်မီး ဆောင်ရွက်ရန်အခက်အခဲများ ရှိပြီး မတည်ရန်ပုံ ငွေ တစ်ခုခုရရှိပါကကျေးရွာတွင် လျှပ်စစ်မီးကို ရရှိပြီး ကျေးရွာ၏ လူနေမှု အဆင့်အတန်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍာများ ပါတိုးတက်လာနိုင် မည်ဖြစ်ပါသည်။ ယခုလက်ရှိတွင် ကျေးရွာ၌ ဆိုလာမီးဖြင့်သာ အများဆုံး အသုံးပြုကြသည်။ ဆိုလာမသုံးနိုင်သော မိသားစုများ လည်းရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ မတိုးတက်ခြင်း ဖြစ်သည်။ ဒါ့အပြင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးများအသုံး ပြုနေသည့် အိမ်ထောင်စုများလည်းရှိခြင်းကြောင့် မီးဘေးအန္တရာယ် လည်း စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဒရိုးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၉) လုံး၊ ရေဒီယို (၁၄) လုံး၊ တီဗွီ (၂၂) လုံး၊ ဂြိုလ်တုစလောင်း (၈) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာ၏ ရွာအဝင်မုဒ်ဦးနှင့်မနီးမဝေးတွင် ဖုန်းတာဝါတိုင်တစ်ခု ရှိသည့် အတွက် ဖုန်းဆက်သွယ်မှု အခက်အခဲမရှိပါ။ သတင်းအချက်အလက်များ ကို တယ်လီဖုန်း ရေဒီယို၊ တီဗီ၊ ဂြိုလ်တုစလောင်း များမှသိရှိပါသည်။ဒါ့အပြင် သတင်းအချက်အလက်ဖြန့်ဝေမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ တဆင့်

လည်းသိနိုင်သည်။ သဘာဝဘေး အန္တရာယ်လျော့ချရေး ၊ကြိုတင် ကာကွယ်ရေးစသည့်အစီအစဉ်များ ပို့ချရန်လိုအပ်ပါသည်။

၆။ ပညာရေး

ဒရိုးကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်းအဆင့်အောင်မြင်သူ (၁၉၆)ဦး၊ အလယ်တန်းအဆင့်တတ်မြောက်သူ(၄၇)ဦး၊ အထက်တန်းအဆင့်အောင်မြင် သူ(၁၅)ဦး၊ တက္ကသိုလ်အောလိပ်တတ်မြောက်သူ(၇)ဦးတို့ရှိသည်။ ယခင်ကကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် စာတတ်မြောက်မှု နည်းပါးပါသည်။ ထို့အပြင်အသိပညာဗဟုသုတအားနည်းခြင်းကြောင့်လည်း ပညာရေးနောက်နှေးရခြင်းဖြစ်ပါသည်။ လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများ သည် မူလတန်းပညာကို ကျေးရွာရှိ မူလတန်းကျောင်းတွင်လည်းကောင်း၊ အလယ်တန်းပညာကို ညာဓဝယ်ကျေးရွာ ရှိအလယ်တန်းကျောင်းတွင်လည်းကောင်း၊ အထက်တန်းပညာကို (အ.ထ.က) ကြာပန်းကျေးရွာ စာင်သင်ကျောင်းတွင်လည်းကောင်း တက်ရောက်ကြပါသည်။ တက္ကသိုလ်ပညာကို မော်လမြိုင်တက္ကသိုလ် တွင်လည်းကောင်းပညာသင်ကြားနေကြပါသည်။ဒရိုးကျေးရွာ မူလတန်းစာသင်ကျောင်း၏ ပထမအဆောင်ကို (၃၁.၈.၂၀၁၁)ရက်နေ့ တွင် စတင်တည်ဆောက်ခဲ့ပါသည်။ ပထမအဆောင်ကိုNRC အဖွဲ့ မှ လာရောက်ဆောက် လုပ်လျှဒါန်းခဲ့ပါသည်။ ဒုတိယကျောင်းဆောင်ကို (၂၁.၁.၂၀၁၇)ရက်နေ့ တွင် ညောင်ခါးရွာညကျေးရွာမှ ဦးဇင်းဦးအကုံရညာဏာမှ မတည်၍ ရွာသူ/သားများမှ ဝိုင်းဝန်း စုပေါင်းတည်ဆောက်ခဲ့ပါသည်။

ဒရိုးကျေးရွာ၏မူလတန်းကျောင်းတွင် ဆရာ/ဆရာမ(၄၀:၁)အောက်ဖြစ်သော ကြောင့် လုံလောက်ပါသည်။ ကျောင်းခြံစည်းရိုးကောင်းမွန်ပြီး ကျောင်းရေရရှိမှုလုံလောက်ပါသည်။ သို့သော်လည်း စာသင်ကျောင်းတွင် ဆရာမ(၅)ဦးရှိပြီး ဆရာမ(၂)ဦးမှာ နောင်ဘိုကျေးရွာတွင် နေထိုင်ကြသော သူများဖြစ်သဖြင့် ကျောင်းနှင့် အိမ်ကိုနေ့ချင်းပြန်သွား၍ ကလေးများကို ပညာသင်ပေးကြရပြီး ကျန်ဆရာမ(၃)ဦးမှာ မော်လမြိုင်မြို့မှ ဖြစ်သောကြောင့် ကျောင်းဝန်း အတွင်းနှင့် ဖက်မိုးဖက်ကာဖြင့် ဆရာ/ဆရာမဝန်ထမ်းအဆောင် ကိုဆောက်လုပ်ထားပြီး ဖက်များမှာ လည်း မိုးထား၊ ကာထားသည်မှာ ကာလကြာနေပြီးဖြစ်နေခြင်း၊ မကြာခဏ အဆိပ်ရှိ သတ္တဝါများ အဆောင်အတွင်းသို့ဝင်ရောက်သောကြောင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးခြင်းဖြင့် ဆရာ/ ဆရာမများ လုံခြုံစွာနေထိုင်ပြီး ကလေးများ ကို ပညာသင် ကြားပေးနိုင်မည်ဖြစ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဒရိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမမှ ၂၀၁၉ခုနှစ် ဇူလိုင်လတွင် ပိုလီယို ကာကွယ်ဆေး အပိုဆောင်း၂ကြိမ်၊ ဩဂုတ်လတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း၁ကြိမ် တိုက်ကျွေးပါသည်။ နိုဝင်ဘာလမှာလည်း ဝက်သက်၊ ကျိုက်သိုး ကာကွယ်ဆေးအပိုဆောင်း၁ကြိမ် လာရောက်ထိုးနှံခဲ့ပါသည်။ လိုအပ်သောကာကွယ်ဆေးများကို ၁လတစ်ကြိမ် ပုံမှန်ထိုးပေး ပါသည်။ဒရိုးကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲမရှိပါ။ သို့သော်လည်း ကျေးရွာမှ ၅နှစ် အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များ သည် ညာဓဝယ်ကျေးရွာရှိ ဓနုကျေး လက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ကာကွယ်ဆေးထိုးနှံကြပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ ဆေးရုံသို့ပို့ဆောင်ကုသရပါသည်။

ဒရိုးကျေးရွာ၌ မိုးရာသီ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ် ကွေးရောဂါဖြစ် တတ်ပါသည်။ ဌက်ဖျားရာသီတွင်လည်းဌက်ဖျားရောဂါဖြစ်တတ်ပါသည်။ ကျေးရွာအတွင်းတွင် ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်း မြင့်မားသည်။ ဒါ့အပြင် ကျန်းမာရေး အသိပညာ ဗဟုသုတ အားနည်းခြင်းကြောင့် လည်း ပညာရေးနောက်နှေး ရခြင်းဖြစ်ပါသည်။ ကျန်းမာရေးအသိပညာ မရှိခြင်း၊ နေထိုင်စားသောက်မှု ပုံမမှန်ကန် ခြင်းတို့ကြောင့် တီဘီ၊ ဆီးချို နှင့် သွေးတိုးရောဂါဖြစ်ပွားနှုန်းများ ရခြင်းဖြစ်ပါသည်။

သောက်သုံးရေအနေဖြင့်ကျေးရွာတွင် ရေတွင်းပေါင်း ၂၁တွင်းရှိသည်။ အိမ်ထောင်စုဖဖြစုမှ ရေတွင်း ၂၁တွင်းကို မျှဝေသုံးစွဲကြပါသည်။ ကျေးရွာ၏ ကုန်းအမြင့်ပိုင်းတွင်ရှိ သော အိမ်ထောင်စု များသည် လက်တူးတွင်းကို အတောင်(၂၅)တောင်၊ အတောင်(၃၀)တူးထား သော်လည် နွေရာသီ၌ ရေခမ်းခြင်းများ ကြုံတွေ့ရသဖြင့် ရွာဘေးရှိ လက်တူးတွင်း၌ ရေကို သောက်သုံးရေ အတွက် အသုံးပြုရပါသည်။ ဒါ့အပြင် ထိုအချိန်တွင် ရေလုံလောက်စွာရရှိသော ရေတွင်းများမှလည်းရေ ကို မျှဝေ၍ သုံးစွဲရပါသည်။ ထို့ကြောင့် မြေနေရာလည်းရှိသဖြင့် ကျေးရွာ အလယ်တွင် စက်ရေတွင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ပေးပါက နွေရာသီတွင် ရေမလုံလောက်မှုများကြုံတွေ့နိုင်တော့မည် မဟုတ်ပါ။

ကျေးရွာအတွင်းတွင် ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး သုံးစွဲကြ ပါသည်။ မသန့်ရှင်းသော အိမ်သာများ အသုံးမပြုသူများအနည်းငယ်ရှိသည်။ အိမ်သာမရှိသူများလည်း ရှိပါသည်။ ကျန်းမာရေး အသိမရှိခြင်း အိမ်သာအသုံးပြုသော အလေ့အထမရှိခြင်း ကြောင့် အိမ်သာ အသုံးမပြုကြခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများ အိမ်သာအသုံးပြုရန်အတွက် ကျန်းမာရေး အသိပညာ ဟောပြောပွဲများ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဒရိုးကျေးရွာတွင် ရေကြီးနစ်မြုပ်မှုမရှိသော်လည်း ကျေးရွာအပြင်တွင် ရေကြီးနစ်မြုပ်ခြင်း များကြုံတွေ့ ရပါသည်။ အထူးသဖြင့် ညာဓဝယ်ကျေးရွာနှင့် သို့သွားသော လမ်းနှင့်လယ်ကွင်းများ သည် ရေနစ်မြုပ်ခြင်း ကို မိုးတွင်းကာလများတွင် ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုအနေဖြင့် အမှိုက်များကို မိမိအိမ်ခြံဝန်း အတွင်း၌ကျင်းတူးပြီး မီးရှို့သော အိမ်ထောင်စု အချို့ရှိပါသည်။ အမှိုက် များကို စနစ်တကျစွန့်ပစ်မှုအားနည်း သော အိမ်ထောင်စုများ လည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ် ကျေးရွာသာယာလှပသန့်ရှင်းအောင်ဆောင်ရွက် သင့်ပါသည်။

ကျေးရွာအနီးနှင့် ပတ်ဝန်းကျင်တွင်ခါတ်သတ္တု၊ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစာမြက် အနည်းငယ် ရှိပါသည်။ ကျောက်၊ သဲနှင့် ကျောက်စရစ်များမှာ ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း ကရင်ပြည်နယ် ၊ဘားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးပြုနိုင်ပါသည်။

ကျေးရွာအတွင်းတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ တစ်ဦးကိုတစ်ဦးမိသားစု၊ မိတ်ဆွေများ သဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းစည်း လုံးလုံး နေထိုင်ကြ ပါသည်။ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု နှင့်လက်လုပ် လက်စား ကျပန်းများလုပ်ကိုင် သည့် အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ သို့သော်လည်း ဒရိုးကျေးရွာ သည် ဝမ်စာဖူလုံမှုရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ မရှိခြင်း၊တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်း တတ်ခြင်း တို့ကြောင့် ၄င်းမိသားစုများ အတွက် ထိခိုက် မှုခံရနိုင်ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်အဓိက ထားလုပ်ကိုင် သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကျေးရွာ အတွင်း ဌက်ဖျား ရောဂါအနည်းငယ် နှင့် တီဘီ ရောဂါအနည်းငယ်ရှိသော်လည်း ဌက်ဖျား ရောဂါနှင့် တီဘီရောဂါများ တိုက်ဖျက်ရေးအတွက် IOM နှင့် KDHW မှ စေတနာဝန်ထမ်း

ကျေးရွာတွင်ရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါမရှိပါ။ ရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ကျွဲ၊ နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်ပါ သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများမပါဝင်ကြပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက်နည်းပါး ပါသည်။ အမျိုးသမီးရေး ရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုအားနည်းပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဓနုကျေးရွာအုပ်စု			ကျေးရွာအမည် – ဒရိုးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီးရရှိအောင် မီးတိုင် ၂၅တိုင်နှင့် ကာဗာကြိုး ၇၅၀၀ပေ တပ်ဆင်ဆောင်ရွက်ခြင်း။	ဦးစားပေး ၁
၂	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	ဆရာ/ဆရာမများအတွက်ဝန်ထမ်းအိမ်ရာ(၃၀'x၂၀') ဆောက် လုပ်ခြင်း။	ဦးစားပေး ၂
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းနှင့်စင်မြင့်ရေစင်တည်ဆောက်ခြင်း။	ဦးစားပေး ၃
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းအမှတ်(၂) (၁၀၀၀')အားမြေသားလမ်းမှ (၁၀၀၀' x ၁၀' x ၆") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၅	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းဆိုင်ရာ(စက်ပြင်၊ စက်ချုပ်၊ ဆပ်ပြာရည်သင်တန်း)စသည့်သင်တန်းများဖွင့် လှစ်ခြင်း။	

၆	မွေးမြူရေး	နည်းပညာ	မွေးမြူရေးနည်းပညာသင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
ကျေးရွာအုပ်စုအမည် – ဓနုကျေးရွာအုပ်စု			ကျေးရွာအမည် – ဒရိုးကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းအမှတ်(၁) (၆၀၀')အားမြေသားလမ်းမှ (၆၀၀' x ၁၀' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၈	ငွေကြေး	ရပ်ရွာခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းအမှတ်(၃) (၃၀၀')အားမြေသားလမ်းမှ (၃၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၀	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၁၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	လမ်းအမှတ်(၄) (၁၂၀၀')အားမြေသားလမ်းမှ (၁၂၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့အဆင့်မြှင့်တင်ခြင်း။	
၁၂	စိုက်ပျိုးရေး	နည်းပညာ	စိုက်ပျိုးရေးမြေဆီလွှာထိန်းသိမ်းနည်းသင်တန်း	

			များစီစဉ်ဆောင်ရွက်ခြင်း။	
၁၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာအဝင်လမ်းမှ ကျန်ရှိသော ကွန်ကရစ်မခင်းရသေးသည့် မြေသားလမ်း (၆၆၀') အား မြေသားလမ်းမှ (၃၀၀' x ၁၂' x ၈") ကွန်ကရစ် လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	

ဒရိုးကျေးရွာ၊ ဓနုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသက်ရှည်	ဦးလှဖေ	၁၀/သထန (နိုင်) ၁၂၈၆၁၀	၅၅	အုပ်ချုပ်ရေးမှူး	၀၉၇၇၃၁၀၈၃၆၉
၂	ဦးစံခွေး	ဦးကျော်ရှင်	၁၀/သထန (နိုင်) ၂၃၈၃၆၈	၆၀	နာယက	–
၃	ဦးလှကြည်	ဦးဖာဝ	၁၀/သထန (နိုင်) ၂၂၀၇၀၅	၆၀	နာယက	–
၄	ဦးမောင်မန်	ဦးလုံးရွှေ	၁၀/သထန (နိုင်) ၀၄၃၄၅၅၇	၅၉	နာယက	–
၅	ဦးထွန်းညွှန့်	ဦးအောင်ခွဲ	၁၀/သထန (နိုင်) ၁၅၆၄၉၀	၄၇	ဥက္ကဋ္ဌ	၀၉၇၈၂၈၉၈၄၂၅
၆	ဦးသန်းညွှန့်	ဦးနီနီ	၁၀/သထန (နိုင်)၁၂၈၆၁၂	၄၂	အတွင်းရေးမှူး	၀၉၇၈၂၈၉၈၄၂၅
၇	ဦးကျော်ကြက်	ဦးဖိုးဝင်း	၁၀/သထန (နိုင်) ၁၄၄၀၀၂	၅၂	ဘဏ္ဍာရေးမှူး	၀၉၇၈၂၁၀၆၈၄၉
၈	ဒေါ်အိသိုက်	ဦးသန်းမောင်	၁၀/သထန (နိုင်) ၂၀၇၉၇၉	၄၂	စာရင်းကိုင်	၀၉၇၆၄၇၁၆၉၃၄
၉	ဒေါ်ရူ	ဦးတင်သန်း	၁၀/သထန (နိုင်) ၁၅၂၀၁၀	၃၃	အဖွဲ့ဝင်	၀၉၇၉၀၂၆၆၉၂၂
၁၀	ဒေါ်မိန္တယ်	ဦးလဲနား	၁၀/သထန (နိုင်)၁၃၂၆၈၃	၄၁	အဖွဲ့ဝင်	၀၉၇၉၀၂၆၆၉၂၂
၁၁	ဦးမီးကုတ်	ဦးတာဖီ	၁၀/သထန (နိုင်) ၂၄၇၂၂၄	၅၂	အဖွဲ့ဝင်	၀၉၇၉၀၂၆၆၉၂၂

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၄	၅
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၂၁	၃၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၈	၂၄	၄၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၃	၄၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၄	၁၂၂	၂၄၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၆	၁၀
စုစုပေါင်း		**၁၈၇**	**၂၀၀**	**၃၈၇**
စုစုပေါင်း အိမ်ထောင်စု		**၆၆**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာတွင် အိမ်ထောင်စု (၆၆) စု၊အိမ်ခြေ(၅၂)အိမ်၊ လူဦးရေ (၃၈၇) ဦး ရှိပါသည်။ ဒရိုးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၂၉%)၊ မူလတန်း ကျောင်းသားအရွယ် (၁၀.၈၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၈၈%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၃.၅၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၅၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၉.၀၁)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၂၄) ဦး၊ မ (၁၂၂) ဦး စုစုပေါင်း (၂၄၆) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၃.၅၆%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၃၈	၁၅	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၉	၁၃	၂၄	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁၂	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိုပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၃	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၄	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၂၁	၃၁	၄၅	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၆၆**	**၈၈**	**၁၁၉**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေ များပြားပါသည်။ မွေးမြူရေး၊ဆောက်လုပ်ရေး၊ပို့ဆောင်ရေးနှင့်ကျပန်းလုပ်ကိုင်သူများလည်းရှိသည့် အပြင် ပညာရေးဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်း အိမ်ထောင်စုများလည်းရှိပါသည်။ ဒရိုးကျေးရွာ သည်ခရိုင်ချင်း ဆက်လမ်းပေါ်မှ အတွင်းပိုင်းသို့ အနည်းငယ်ဝင်ရသောကြောင့် လမ်းပန်း ဆက်သွယ်ရေးအချက်အချာမရှိသော သဖြင့်ဈေးဆိုင်ကြီးများမရှိဘဲ တစ်နိုင်တစ်ပိုင်ဈေးဆိုင်များ သာရှိပါသည်။ ဒါ့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်းနည်းသောကြောင့်ပြင်ပ တွင်သွားရောက်လုပ်ကိုင်သည့်အိမ်ထောင်စုများလည်းရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	-	၅၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၉.၃	ကောင်း ☐	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၅.၄	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၁.၅	ကောင်း ☐	သင့်☐	ညံ့ ✓
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၄.၅	ကောင်း ☐	သင့်✓	ညံ့ ☐
စုစုပေါင်း	**၁၉၀.၇**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာတွင် လယ် (၆၉.၃) ဧကနှင့် ရော်ဘာခြံ (၈၅.၄) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့် ယှဉ်လျှင် မြေဆီလွှာ အရည်အသွေး ညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် (၁၄.၅) ဧက ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက် ✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာတွင်ဓါတ်သတ္တု၊ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစာမြက် အနည်းငယ် ရှိပါသည်။ ထို့အပြင် ကျောက်၊ သဲနှင့် ကျောက်စရစ်များမှာ ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း ကရင်ပြည်နယ် ၊ဘားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးပြုနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၂.၅ဧကမှ၅ဧက	၂.၅ ဧကအောက်	မရှိ
အိမ်အခြေအနေ	အုတ်ကာ၊နှစ်ထပ်ပျဉ်ထောင်ပျဉ်ခင်း	သွပ်မိုး၊ ဖက်မိုး၊ ပျဉ်ထောင်/ခင်း	ဖက်မိုး၊ပျဉ်ခင်း၊ ထရံကာ	ဝါးတိုင်၊သစ်လုံးတိုင်၊ဖက်မိုးဖက်ကာ၊ ဝါးအခင်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်လက်တွန်း၊ ထွန်စက်	ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	လယ်၊ဥယျာဉ်၊ခြံ	လယ်၊ဥယျာဉ်၊ခြံ	ကျပန်း၊ လက်သမား၊ထိုင်း	ကြံရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	**၁၃**	**၂၆**	**၁၄**	**၁၃**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသည့်အိမ်ထောင်စုများလည်းရှိသည့် အပြင် ဈေးဆိုင်၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ မပြေလည်သော အိမ်ထောင်စု များသည် ကျပန်းလုပ်ကိုင်ခြင်း၊ ပန်းရံ၊ လက်သမားအဌား လိုက်ခြင်းလုပ်ငန်းများ ကို လုပ်ကိုင်ကြပြီး စီးပွားရေးအဆင် မပြေသဖြင့် ပြင်ပသို့ သွားရောက် လုပ်ကိုင်သူများ လည်းရှိသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီလိုက် ကြံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည့်အပြင် ပြင်ပနိုင်ငံများသို့ လည်းသွားရောက်လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဒရိုးကျေးရွာသည် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ တစ်ဦးကိုတစ်ဦးမိသားစု၊ မိတ်ဆွေများ သဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒရိုးကျေးရွာသည် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်အဓိက ထားလုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင်

